# စံကျောင်းကျေးရွာ
# ပန်းတနော်မြို့နယ်



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း
# (၂၀၂၃-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
စံကျောင်းကျေးရွာ၊ပန်းတနော်မြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ဇွန်လ

မာတိကာ

စဉ် | အကြောင်းအရာ


စကားချီး ၃

စံကျောင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပြက္ခဒိန်ပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့ ၃

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၇

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး ၁၀

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၁၁

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၂

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၈

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ စံကျောင်းကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိ ခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက် အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင် သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

ဇွန်လ၊ ၂၀၂၃ ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
စံကျောင်းကျေးရွာ
ပန်းတနော်မြို့နယ်

စံကျောင်းကျေးရွာ၊ သယံဇာတပြမြေပုံ၊ပန်းတနော်မြို့နယ်



စံကျောင်းကျေးရွာ ၊ ရာသီခွင်ပြ ပြက္ခဒိန်



ကဇင်းငူကျေးရွာအုပ်စု၊ စံကျောင်းကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ( **Venn Diagram** )



အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာအုပ်စု-ကဇင်းငူ ကျေးရွာ-စံကျောင်း

- စံကျောင်းကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးမှူး၊ ဒေသလုံခြုံရေး၊ကျေးရွာအရံမီးသတ် လယ်သမား၊ ပရဟိတ၊ ကျောင်းကော်မတီ၊ လမ်းကော်မတီအဖွဲ့တို့ ဖွဲ့စည်းထားပါသည်။
- စံကျောင်းကျေးရွာပြင်ပတွင် ဖွဲ့စည်းထားသော အဖွဲ့များမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ ၊ကျေးလက်ဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ချိတ်ဆက်ဖွဲ့စည်းထားပါသည်။
- ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့များသည် အဖွဲ့အစည်းများတွင် အဓိကဦးဆောင်ပါဝင် ကြသည်။
- အုပ်ချုပ်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျေးလက်ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ သက်ဆိုင်ရာဌာနများဖြင့်ဆက်သွယ်ဆောင်ရွက်ပေးသည်။

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့(၁၇) မိုင်ရှိပြီး တောင်မှ မြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ် လျှက်ရှိပါသည်။

စံကျောင်းကျေးရွာသည် ပထဝီဝင်အနေအထားအရမြေပြန့်ဒေသဖြစ်ပါသည်။ ကဇင်းငူ ကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ပန်းတနော်မြို့နယ်နှင့်(၂)မိုင်ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာ များမှာ သမိုင်းကျေးရွာ၊ သုံးထပ်ကျောင်းကျေးရွာနှင့်ကဇင်းငူကျေးရွာတို့ ဖြစ်ပါသည်။ စံကျောင်း ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်သည်။ ကုန်ထုတ် လုပ်ငန်း သင်ဖျာလည်းလုပ်ကိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၂၉.၂၂ ံC ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ ံC ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

- စံကျောင်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ ဆင်တုံးမနွယ်၊ ကုန်းဇေဒါ၊ ကြိတ်မှန်ရွက်၊ ဆင်တုံးမနွယ်နှင့် ကုလားပင်စိမ်း စသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက်အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက် သည့်ဒေသတစ်ခုလည်း ဖြစ်ပါသည်။ဥယျာဉ်ခြံမြေများရှိကာ သင်ဖြူးသင်ဖျာလုပ်ငန်းလုပ်ကိုင်ကြသူများလည်းရှိပါသည်။ တောင်သူအများစုမှာ မြစ်ရေနှင့် အငိစိတွင်းရေကိုအသုံးပြုကာ ကွမ်း-၂၃၆၅၀၀ပင်(၅)ကေ၊သင်ခြံ-၇၀ကေ၊ ကိုင်း-၈၁ကေ၊လယ်-၃၀ကေ)စုစုပေါင်း(၁၈၆)စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၅၊မ-၄)ဦး၊ ဒေသလုံခြုံရေးအဖွဲ့(ကျား-၁၀)ဦး၊ လမ်းကော်မတီ(ကျား-၄၊မ-၃)၊ အရံမီးသတ်တပ်ဖွဲ့(ကျား-၉)၊ ပရဟိတအဖွဲ့ (ကျား-၁၉၊ မ-၈)၊ ကျေးရွာသမအသင်းအဖွဲ့(ကျား-၈၂)ဦးတို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှု ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင် နေကြ ပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီးကျေးရွာ ဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင် ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၄။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

စံကျောင်းကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ(၁၆)အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ဧက ကြားရှိ တောင်သူငယ်(၄၂)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြားရှိ တောင်သူလတ်(၂၆) အိမ်ထောင်စု၊၁၂.၅ဧကအထက် တောင်သူကြီး(၉)အိမ်ထောင်စု စသည်တို့ ရှိကြသည်။အဓိအားဖြင့် စပါး၊ငရုတ်နှင့်ပဲများ အဓိကထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများမရှိကြဘဲ အများစု သည် နေ့စား/ကျပန်းအဖြစ်လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မြစ်ရေနှင့်အဝီစိတွင်းမှရရှိသောရေကိုအဓိကအသုံးပြု၍ စိုက်ပျိုး ရေးလုပ်ငန်းကြပြီး မြစ်ရေ၊အဝီစိတွင်းရေနှင့်ဝေးကွာသည့်ကိုင်းမြေဧကများတွင် ရေလုံလောက်စွာ မရရှိသဖြင့်သီးနှံအထွက်နှုန်းမှာ(၅၀%)ခန့်သာရရှိပါသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် ရေစုပ်စက် (၃၀)လုံးရှိပြီး ငှားရမ်းလုပ်ကိုင်သော တောင်သူများလည်းရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့်ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း ပန်းတနော်မြို့မ ဈေးတွင်ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်ဖြစ်စေ၊ ကုန်သည် ပွဲစားများမှ ဖြစ်စေ ရောင်းချနိုင်ကြပါသည်။ မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း၊မြစ်ရေကြီးခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်ခြင်းမရှိပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၂)အိမ်ရှိပြီးကြက်ကောင်ရေ(၁၀) ကောင်၊ ဝက်မွေးမြူသည့်အိမ်ထောင်စု(၅)စု ၊ကောင်ရေ(၅)ကောင် ၊ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု(၂)

အိမ်ရှိပြီး ဆိတ်ကောင်ရေ(၅)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သတ်သည့် နည်းပညာများမရှိသဖြင့် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက်သည့်အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စံကျောင်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ ထုတ်ကုန်လုပ်ငန်း၊လက်လီလက်ကားရောင်းဝယ်ရေး၊ယာဉ်စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး၊ ဆောက်လုပ်ရေး၊ပန်းရံ၊လက်သမားအစရှိသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။နေ့စားအလုပ်လုပ်ကိုင်သူများမှာ လယ်စာရင်းငှား၊ ပန်းရံ-လက်သမားအလုပ်သမားများအဖြစ်သွားရောက်လုပ်ကိုင်ကြသည်။တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၄၀၀၀)ကျပ်ရရှိပါသည်။ကျေးရွာ**ရှိ** အိမ်ထောင်စုပေါင်း(၄၇)စုသည်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သောအတက်ပညာများကျွမ်းကျင်စွာတက်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကိုရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေချေးရန်အရင်းအမြစ်မှာ ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုများဖြစ်ပါသည်။ ဖူလတန်ငွေကြေးဝန်ဆောင်မှု၊ ရေတံခွန်ချေးငွေဝန်ဆောင်မှုအဖွဲ့များသည်ကျေးရွာ တွင်အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ (၄)နှစ်ခန့်ရှိပြီဖြစ်ပါသည်။စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းလုပ်ကိုင်သူများကိုချေးသည့်ချေးငွေဟူ၍ (၂)မျိုးခွဲခြားထားပြီး စိုက်ပျိုးရေးချေးငွေမှာပထမ နှစ်တွင်နှစ်သိန်းကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ ရှစ်သောင်းကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးချေးငွေရရှိရန်ပုံစံ(၇)လိုအပ်ပါသည်။သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန်အခက်အခဲရှိပါသည်။

အဘယ့်ကြောင့်ဆိုသော် ပြန်လည်ပေးဆပ်ရသည့်ပုံစံမှာ (၂)ပတ်(၁)ကြိမ် ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိခြင်း၊ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အသက်မွေးဝမ်းကြောင်းပညာများမရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပန်းတနော်မြို့ကွက်သစ်ကမ်းနားလမ်းမှစံကျောင်းကျေးရွာသို့ (၂)မိုင် အတိုင်းအတာရှိသော ကျေးရွာချင်းဆက်လမ်းရှိပြီး စံကျောင်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းနှင့် ကုန်းလမ်းနှစ်ခုစလုံးကိုအသုံးပြုနိုင်ပါသည်။ ရေကြောင်းလမ်းကို မြစ်ရေများသောမိုးတွင်းကာလ တွင် သာအသုံးပြုနိုင်ပါသည်။ကုန်းလမ်းကိုပွင့်လင်းရာသီမှသာအသုံးပြုနိုင်ပါသည်။ အသုံးပြုသော ယာဉ်များမှာ စက်လှေ(၁)စီး၊ထော်လာဂျီ (၃) စီး၊ မော်တော်ဆိုင်ကယ် (၅၁)စီး ရှိပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကျေးလက်ဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ်ကိုကျေးရွာလူထုမှကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသောကြောင့် အဆင်ပြေစွာသွားလာနိုင်အောင် ဆောင်ရွက်နိုင်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင်လမ်းပေါ်မြစ်ရေကျော်ပြီးဗွက်များ၊ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှု များရှိနေပါသည်။ကျေးရွာတွင်တံတားတည်ရှိမှုမှာ ကွန်ကရစ်တံတား(၁)စင်းရှိပြီးသွားလာရလွယ်ကူ ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာမီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းမှ အိမ်ထောင်စု(၃၅)လုံးသုံးစွဲနေပါသည်။ ဆိုလာမီးသုံးစွဲနေသောအိမ်ခြေ(၁၈)လုံးနှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ခြေ(၄၉)လုံးသည်မိမိ အစီအစဉ်ဖြင့်သာသုံးစွဲနေကြပါသည်။ကျေးရွာမီးလင်းရေးကော်မတီမှလည်း မီတာပုံးများထပ်မံရရှိ နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၈၆)လုံး၊ ရေဒီယို (၁၅)လုံး၊ ဂြိုလ်တုစလောင်း (၁၉)လုံး စသည်တို့မှ ရရှိသည့်အပြင် Ooreoo, MPT, Mytel, Telenor ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

စံကျောင်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး အရည်အသွေး ကောင်းမွန်မှု ရှိပါသည်။ကျောင်းအုပ်ဆရာကြီး(၁)ဦး၊လက်ထောက်ဆရာ(၁)ဦး၊ဆရာမ(၄)ဦး၊ ကျောင်း လုပ်သား (၁)ဦး ရှိပါသည်။ ဆရာ၊တပည့်အချိုးအားဖြင့် ၁:(၄၀)အောက်ဖြစ်ပါသည်။ အခြေခံပညာ မူလတန်း ကျောင်းတွင် ကျောင်းသူ/သား (၈၈) ဦး ရှိပါသည်။ သောက်သုံးရေကို ကျောင်းအတွင်းရှိ ပြင်ပ အလှူရှင်မှလှူဒါန်းထားသောရေသန့်စက်မှသုံးစွဲပါသည်။ (၂)ခန်းတွဲအိမ်သာ(၂)လုံးရှိပြီး ကျောင်းသူ၊ ကျောင်းသားများအတွက် လုံလောက်မှုရှိပါသည်။ထိုင်ခုံနှင့်စာရေးခုံများ လိုအပ်ချက် ရှိပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပြီး (၈.၂)ရာခိုင်နှုန်းရှိပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ (၂၃.၂၀)ရာခိုင်နှုန်း

အထိသာရှိခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၆.၈၇)ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာဂတတ်မြောက်သူများ မှာ (၃၅.၈၆)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၁၅.၈၂)ရာခိုင်နှုန်းတို့ ရှိခြင်း ကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအားအရင်း အမြစ်ကောင်း များဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၂)မိုင်ကွာဝေးသောပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံတွင်သွားရောက်ကုသမှုခံယူရပါသည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို စံကျောင်းကျေးရွာအတွင်းရှိကုန်စုံဆိုင်များတွင်ရရှိနိုင်ပြီး ဝယ်ယူရလွယ်ကူပါသည်။အရေးပေါ်လူနာများအတွက်လည်း ပန်းတနော်မြို့ပေါ်ရှိပြည်သူ့ဆေးရုံသို့သွားရောက်ပြသကြပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းထားရှိရန် လိုအပ်ပါသည်။

အိမ်ခြေအများစုတွင်လက်နှိပ်တုံကင်များရှိသော်လည်းသောက်သုံးရေအဖြစ်သုံးစွဲရန်သန့်ရှင်းမှုမရှိပါ။ကျေးရွာတွင်သန့်ရှင်းသောသောက်သုံးရေအတွက်(၄)လက်မစက်ရေတွင်းလိုအပ်နေပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၉၃) အိမ်ရှိပြီး ယင်လုံအိမ်သာဆောက်လုပ်ရာတွင် ဝါးနှင့်ထရံကာ ဆောက်လုပ်ထားသဖြင့် ကုန်ကျစရိတ်နည်းပါးပါသည်။အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၏ အကျိုးကျေးဇူးများဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

စံကျောင်းကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ၊ အနည်းငယ်ရှိပြီး၊ အိမ်ထောင်စုများမှ စားသုံးရန် ထမင်း၊ဟင်းများ ချက်ပြုတ်ရန် ထင်းများ ခုတ်ယူသုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုများအနည်းငယ်ရှိပါသည်။ တိရစ္ဆာန်ရောဂါများသည့် ရာသီကူးပြောင်းမှုများတွင် ကြက်၊ဂက်၊တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ် ရှိပါသည်။

၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ

စံကျောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသား ဦးရေကွာခြားမှုမရှိပါ။ နေ့စားအလုပ် လုပ်ကိုင်သူများမှာ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၄၀၀၀) ကျပ် ရရှိပါသည်။ပန်းရံလက်သမားအလုပ်သမားများလည်းတစ်နေ့လျှင်လုပ်အားခအဖြစ်ကျား(၇၀၀၀) နှင့် မ(၆၀၀၀)ကျပ်ရရှိပါသည်။ကျေးရွာ**ရှိ**အိမ်ထောင်စုပေါင်း (**၄၀**)စုလုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသားနှင့်အမျိုးသမီးဦးရေတန်းတူ ဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတွင် ကျား/မ

အချိုးညီစွာပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူအမျိုးသမီးမျာဂး၏အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | အကောင်အထည် ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ် ချက် |
|---|---|---|---|---|---|---|---|
| ၁ | စံကျောင်း | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁၀၀ | ၁ | ကျေးလက်ဦးစီး | |
| ၂ | စံကျောင်း | အခြေခံအဆောက်အဦ | မိုဘိုင်းရေသန့်စင်စနစ်ဆောင်ရွက်ခြင်း | ၁၀၀ | ၂ | ကျေးလက်ဦးစီး | |
| ၃ | စံကျောင်း | အခြေခံအဆောက်အဦ | ကွန်ကရစ်လမ်းအဆင့်မြင့်တင်ခြင်း | ၁၀၀ | ၃ | ကျေးလက်ဦးစီး | |
| ၄ | စံကျောင်း | အခြေခံအဆောက်အဦ | စံကျောင်း၊သုံးထပ်ကျောင်း၊သမိုင်း၊ကဇင်ငူ ကျေးရွာချင်းဆက်လမ်း | ၁၀၀ | ၄ | လမ်းဦးစီး | |
| ၅ | စံကျောင်း | အခြေခံအဆောက်အဦ | အမှိုက်ကန်တည်ဆောက်ခြင်း | ၉၅ | ၅ | ကျေးလက်ဦးစီး | |
| ၆ | စံကျောင်း | အခြေခံအဆောက်အဦ | ကျေးရွာဆိုင်းဘုတ်တည်ဆောက်ခြင်း | ၉၅ | ၆ | ကျေးရွာ | |
| ၇ | စံကျောင်း | အခြေခံအဆောက်အဦ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၉၅ | ၇ | ကျေးလက်ဦးစီး | |
| ၈ | စံကျောင်း | စိုက်ပျိုးရေး | DaeDong ထွန်စက်နှင့် ထွန် | ၉၅ | ၈ | သမဝါယမဦးစီးဌာန | |
| ၉ | စံကျောင်း | အခြေခံအဆောက်အဦ | ယာဉ်ဂိုဒေါင်တည်ဆောက်ခြင်း | ၉၅ | ၉ | ကျေးရွာ | |
| ၁၀ | စံကျောင်း | အခြေခံအဆောက်အဦ | ကျေးရွာခြံစည်းရိုးကာရံခြင်း | ၉၅ | ၁၀ | ကျေးရွာ | |
| ၁၁ | စံကျောင်း | အခြေခံအဆောက်အဦ | လမ်း၊တံတား၊ခြံစည်းရိုးများဆေးသုတ်ခြင်း | ၉၅ | ၁၁ | ကျေးရွာ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၂ | စံကျောင်း | ငွေကြေး | ကျေးလက်စီးပွါးမြင့်မားရေးစီမံကိန်း(RBF) | ၉၅ | ၁၂ | ကျေးလက်ဦးစီး | |
| ၁၃ | စံကျောင်း | စိုက်ပျိုးရေး | ရာသီပေါ်သီးနှံများစနစ်တကျ<br>စိုက်ပျိုးနည်း(GAPစနစ်)သင်တန်း | ၉၃ | ၁၃ | စိုက်ပျိုးရေး | |
| ၁၄ | စံကျောင်း | မွေးမြူရေး | မွေးမြူရေးအသိပညာပေးသင်တန်း | ၉၃ | ၁၄ | မွေး/ကု | |
| ၁၅ | စံကျောင်း | ကျန်းမာရေး | ကိုယ်ဝန်ဆောင်များနှင့်၎င်းတို့မှမွေးဖွား<br>လာသော(၂)နှစ်အောက်ကလေးသူငယ်<br>များအားငွေကြေးထောက်ပံ့ခြင်းအစီအစဉ်<br>(MCCT) | ၉၃ | ၁၅ | လူမှုဝန်ထမ်း | |
| ၁၆ | စံကျောင်း | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ဒေသလုံခြုံရေးအဖွဲ့ဖွဲ့စည်းခြင်း | ၉၃ | ၁၆ | ကျေးရွာ | |
| ၁၇ | စံကျောင်း | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ကျေးရွာအရံမီးသတ်တပ်ဖွဲ့များဖွဲ့စည်းခြင်း | ၉၃ | ၁၇ | ကျေးရွာ | |
| ၁၈ | စံကျောင်း | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ပရဟိတအဖွဲ့ဖွဲ့စည်းခြင်း | ၉၃ | ၁၈ | ကျေးရွာ | |
| ၁၉ | စံကျောင်း | ငွေကြေး | ကျေးရွာသမအသင်းများဖွဲ့စည်းခြင်း | ၉၃ | ၁၉ | သမဝါယမ | |
| ၂၀ | စံကျောင်း | ကျန်းမာရေး | ကျန်းမာရေးအသိပညာပေးဟောပြောပွဲ<br>ကျင်းပခြင်း | ၉၃ | ၂၀ | ကျန်းမာရေး | |
| ၂၁ | စံကျောင်း | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ကျားမရေးရာအသိပညာပေးဟောပြောပွဲ | ၉၂ | ၂၁ | လူမှုဝန်ထမ်း | |
| ၂၂ | စံကျောင်း | ကျန်းမာရေး | အသက်(၈၅)နှစ်နှင့်အထက်<br>သက်ကြီးဘိုးဘွားများအား<br>ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်<br>(Social Pension) | ၉၂ | ၂၂ | လူမှုဝန်ထမ်း | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၃ | စံကျောင်း | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | ၆၂ | ၂၃ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၂၄ | စံကျောင်း | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | ကျေးရွာပိုင်ထင်းစိုက်ခင်းများနှင့် အရိပ်ရအပင်များ စိုက်ပျိုးခြင်း | ၆၂ | ၂၄ | သစ်တော/ကျေးရွာ | |
| ၂၅ | စံကျောင်း | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | လမ်းဘေးဝဲယာအရိပ်ရအပင်များ ပန်းအလှပင်များစိုက်ပျိုးခြင်း | ၆၂ | ၂၅ | ကျေးရွာ | |
| ၂၆ | စံကျောင်း | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | ရွာအဝင်ဆိုင်းဘုတ်သာသယာလှပရေး ဆောင်ရွက်ခြင်း | ၆၁ | ၂၆ | ကျေးရွာ | |
| ၂၇ | စံကျောင်း | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်ခြင်း | ၆၁ | ၂၇ | မီးသတ် | |
| ၂၈ | စံကျောင်း | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၆၁ | ၂၈ | ကျေးလက်ဦးစီး | |
| ၂၉ | စံကျောင်း | အသက်မွေးဝမ်းကျောင်းသင်တန်းများ | သံဂဟေဆက်သင်တန်း | ၈၆ | ၂၉ | ကျေးလက်ဦးစီး | |
| ၃၀ | စံကျောင်း | အသက်မွေးဝမ်းကျောင်းသင်တန်းများ | လက်မှုပညာသင်တန်း | ၈၆ | ၃၀ | အသေးစားစက်မှုလက်မှုဦးစီး | |
| ၃၁ | စံကျောင်း | ငွေကြေး | မြစိမ်းရောင်စီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း | ၈၆ | ၃၁ | ကျေးလက်ဦးစီး | |
| ၃၂ | စံကျောင်း | အခြေခံအဆောက်အဦ | ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း | ၈၅ | ၃၂ | ကျေးလက်ဦးစီး/ကျေးရွာ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၃ | စံကျောင်း | ပညာရေး | ကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ခြင်း | ၈၅ | ၃၃ | ပညာရေး | |
| ၃၄ | စံကျောင်း | အသက်မွေးဝမ်း ကျောင်းသင်တန်းများ | လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း | ၇၂ | ၃၄ | ကျေးလက်ဦးစီး အသေးစားစက်မှုလက်မှု | |
| ၃၅ | စံကျောင်း | အသက်မွေးဝမ်း ကျောင်းသင်တန်းများ | ကွန်ပျူတာသင်တန်း | ၇၂ | ၃၅ | ကျေးလက်ဦးစီး | |
| ၃၆ | စံကျောင်း | အသက်မွေးဝမ်း ကျောင်းသင်တန်းများ | အခြေခံအပ်ချုပ်စက်သင်တန်း | ၆၅ | ၃၆ | ကျေးလက်ဦးစီး | |
| ၃၇ | စံကျောင်း | အသက်မွေးဝမ်း ကျောင်းသင်တန်းများ | ဆိုင်ကယ်ပြုပြင်နည်းသင်တန်း | ၆၃ | ၃၇ | ကျေးလက်ဦးစီး | |
| ၃၈ | စံကျောင်း | အသက်မွေးဝမ်း ကျောင်း | အဆင့်မြင့်အပ်ချုပ်စက်သင်တန်း | ၅၅ | ၃၈ | ကျေးလက်ဦးစီး | |
| ၃၉ | စံကျောင်း | အခြေခံအဆောက်အဦ | မီးသင်္ဂြိုလ်စက်ဆောင်ရွက်ခြင်း | ၅၄ | ၃၉ | ကျေးရွာ | |
| ၄၀ | စံကျောင်း | ကျန်းမာရေး | လူမှုကယ်ဆယ်ရေးယာဉ်ဝယ်ယူခြင်း | ၅၂ | ၄၀ | ကျေးလက်ဦးစီး /ကျေးရွာ | |

နောက်ဆက်တွဲ(၁)

ကဇင်းငူကျေးရွာအုပ်စု၊ စံကျောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | ကော်မတီဝင်အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးထွန်းလွင် | ဦးဝင်းနိုင် | ၁၄/ပတန(နိုင်)၁၁၅၇၂၅ | ၄၁ | ဥက္ကဋ္ဌ | ၀၉-၇၉၇၅၉၉၄၀၀ |
| ၂ | ဦးအေးမင်း | ဦးကျော်ဦး | ၁၄/ပတန(နိုင်)၁၁၅၇၁၅ | ၄၅ | အဖွဲ့ဝင် | ၀၉-၆၆၉၆၁၇၉၉၁ |
| ၃ | ဦးနိုင်လင်းကျော် | ဦးကျော်မြင့် | ၁၄/ပတန(နိုင်)၁၄၄၂၆၂ | ၃၇ | အဖွဲ့ဝင် | ၀၉-၆၉၄၆၄၄၄၁၂ |
| ၄ | ဒေါ်စန္ဒာဝင်း | ဦးဇော်ဝင်း | ၁၄/ပတန(နိုင်)၄၅၉၅၂၅ | ၁၉ | အဖွဲ့ဝင် | ၀၉-၆၇၉၁၄၅၅၆၄ |
| ၅ | ဒေါ်သဇင်ဌေး | ဦးဌေးလွင် | ၁၄/ပတန(နိုင်)၁၇၄၉၆၂ | ၂၉ | အဖွဲ့ဝင် | - |
| ၆ | ဒေါ်ဖြူသဇင်ကျော် | ဦးကျော်ဒင် | ၁၄/ပတန(နိုင်)၂၁၅၄၅၅ | ၃၀ | အဖွဲ့ဝင် | - |
| ၇ | ဦးစစိုးမြိုင် | ဦးသောင်းအေး | ၁၄/ပတန(နိုင်)၂၁၅၁၇၀ | ၂၉ | အတွင်းရေးမှူး | ၀၉-၆၈၂၄၉၄၂၈၀ |

နောက်ဆက်တွဲ(၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၂ | ၈ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄ | ၁ | ၅ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၂ | ၁၀ | ၂၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၆ | ၁၃ | ၁၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၇ | ၁၃၆ | ၂၈၃ | ၂ | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၁၆ | ၃၁ | | |
| စုစုပေါင်း | | ၁၉၀ | ၁၈၈ | ၃၇၈ | ၂ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | (၉၃)အိမ်ထောင်စု | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ကျေးရွာတွင် နို့ဆို့အရွယ် ၈ဦး၊ ၅နှစ်အောက်ကလေးငယ် ၁၉ဦး၊မူလတန်းအရွယ် ၂၂ဦး၊ အလယ်တန်းကျောင်းသားအရွယ် ၁၉ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၂၈၃)၊ သက်ကြီးရွယ်ကြီး (၃၁)ဦးစုစုပေါင်း ၃၇၈ဦးရှိပြီး၊ အိမ်ထောင်စုပေါင်း (၉၃)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၆ | ၈၆ | ၉ | ၄၁ | ၄၅ | ၂၀ | မြင့်☐လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၅ | ၄၇ | ၇ | ၂၁ | ၂၆ | ၁၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၄ | | ၄ | | ၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ– လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | | | ၅ | ၅ | ၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ⊠ |
| | အလုပ်သမား / ကျပန်း / ရာသီအလို | ၁၂ | ၁၈ | ၂ | ၉ | ၉ | ၄ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | က် အလုပ်သမား | | | | | | | |
| ၂ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | စုစုပေါင်း | ၉၃ | ၁၅၈ | ၁၈ | ၇၅ | ၈၅ | ၄၁ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်းကောက်ယူခြင်းမပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ – “စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင်ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု(၇၉)စုရှိပြီး မိသားစုဝင် လုပ်အား (၁၃၄)ဦးဖြင့် လုပ်ကိုင်ကြပါသည်။ ဝင်ငွေအားဖြင့် အသင့်အတင့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော နွေစပါးနှင့်ကွမ်းကို အဓိကစိုက်ပျိုးကြပါသည်။ ကျန် အိမ်ထောင်စု(၁၄)စုမှာ လက်လုပ်လက်စား ၊ပန်းရံနှင့်ကျပန်းလုပ်ကိုင်သူများနှင့် ဝန်ထမ်းများ ဖြစ်ကြ ပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။ စံကျောင်းကျေးရွာတွင် လယ်၊ကွမ်း၊ဆောက်လုပ်ရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ယောကျ်ားလေးများ၏ အများဆုံးတနေ့လုပ်အားခမှာ (၈၀၀၀)ကျပ် ဖြစ်ပြီး၊ အနည်းဆုံး တစ်နေ့ လုပ်အားခမှာ (၅၀၀၀)ကျပ်ဖြစ်ပါသည်။ မိန်းကလေးများမှာ

ယောက်ျားလေးများတန်းတူ လုပ်အားခ မရရှိကြသည်ကို တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | **၃၀** | ကောင်း ☐ သင့် ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | **၇၅** | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | **၈၁** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | **၁၈၆** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။။ စံကျောင်းကျေးရွာတွင် **လယ်မြေ(၃၀)ဧက**၊ကိုင်းမြေဧက **(၈၁)**ဧက၊ **ဥယာဉ်ခြံမြေ(၇၅)ဧက**ရှိပြီး လူအများစုမှာ **နှမ်းစပါး၊ ကွမ်း၊** သင်စိုက်ပျိုးခြင်းလုပ်ငန်း လုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။ မြေဆီ လွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

(၈-၂) ခါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ခါတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် နည်း ☑ မရှိ ☐ | လွယ် ☐ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။ စံကျောင်းကျေးရွာပတ်ဝန်းကျင်တွင် ကျောက်၊သဲ၊ကျောက်စရစ်အခြား သတ္တုနှင့်တွင်းထွက်ပစ္စည်းများမထွက်ရှိပါ။ ဆေးဖက်ဝင်အပင်များအနည်းအကျဉ်းရှိသော်လည်း အသုံးပြုမှုနည်းပါး ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၉ | ၂၇ | ၄၄ | ၁၃ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရသည်။ အိမ်အခြေအနေမှာလည်း အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများသည် အိမ်အခြေအနေညံ့ကြောင်းနှင့် အလွန် အဆင်မပြေသောအိမ်ထောင်စုများတွင် အိမ်အခြေအနေအလွန်ညံ့ကြောင်း ၊မြေယာပိုင်ဆိုင်မှုနှင့် ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

(င)  ထိခိုက်လွယ်မှု

(င-၁)  ဝမ်းစာဖူလုံမှု

ဇယား(၇)      ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃ဂရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင် စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက် များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = <br> အစာလျှော့စား = <br> အထောက်အပံ့ယူ = <br> ချေးယူ = <br> လုပ်အားခကြိုယူ = |
| ၃လနှင့်၆လ ကြား ဝမ်းစာဖူလုံမှု | ၁၃ | - | အခြားအစာပြောင်းလဲစား = <br> အစာလျှော့စား = <br> အထောက်အပံ့ယူ = <br> ချေးယူ = √ <br> လုပ်အားခကြိုယူ = |
| ၆လမှ၁၂လ အထိ ဝမ်းစာဖူလုံမှု | ၄ | - | အခြားအစာပြောင်းလဲစား = <br> အစာလျှော့စား = <br> အထောက်အပံ့ယူ = <br> ချေးယူ = <br> လုပ်အားခကြိုယူ = ☑ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃ဂရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု (၉၃)စု ရှိသည့်အနက် ချေးယူသုံးစွဲသည့်အိမ်ထောင်စု (၁၃)စုနှင့် လုပ်အားခကြိုယူသုံးစွဲသည့် အိမ်ထောင်စု(၄)စု ရှိပါသည်။

(င-၂)  ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖင်္ဂနှစ်နှင့် အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲ သည့်အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာတွင် သက်ကြီးရွယ်အိုများမှာ အလုပ်မလုပ်နိုင်ကြသောမိသားစုများဖြစ်သဖြင့် စားဝတ်နေရေးခက်ခဲပါသည်။ဆင်းရဲ၍မိသားစုများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စုများမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွား(၂)ဦးအား (၃)လတစ်ကြိမ် လူမှုဝန်ထမ်းဦးစီးဌာနမှ (၁)ဦးလျှင်(၃)သောင်းကျပ်ထောက်ပံ့ပေးလျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(င–၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | √ | | | √ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၃ | မုန်တိုင်းဒီရေ | √ | | | √ | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | | | | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။(ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်၊

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မိုးရာသီအတွင်းမြစ်ရေကြီးမှုကို နှစ်စဉ်ကြုံတွေ့နေရပါသည်။ လမ်းပန်းဆက်သွယ်မှုအားဖြင့် နွေရာသီတွင်သွားလာရေးအဆင်ပြေသော်လည်း မိုးတွင်းကာလတွင် ရာသီဥတု အခြေအနေအရ သွားလာရအနည်းငယ်ခက်ခဲပါသည်။

(င–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | √ | | | √ | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | | √ | | √ | |
| ၃ | ဆင်းရဲသားတောင်သူ | √ | | | √ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ | √ | | | √ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | √ | | | √ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | √ | | | √ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါ ရွှေ့ပြောင်းခံရသူများ (IDP) | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းမ ျား | | | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်း သူများ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူမျာ း | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

